ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ စနေနေ့၊ (19-2-2005)(၄၅၁၄)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်စုစည်း ရှင်းလင်းတင်ပြ

ရန်ကုန်  ဖေဖော်ဝါရီ  ၁၈

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို အလှည့်ကျသဘာပတိအဖွဲ့က ဆက်လက်ရှင်းလင်းတင်ပြ ကြသည်။**

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် “ဝ”အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪



**အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။** (ဝဲပုံ)**နှင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။** (အောက်ပုံ) (သတင်းစဉ်)



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၉-၂-၂၀၀၅
(စနေနေ့)

# နိုင်ငံတော်နှင့်ပြည်သူ့ အကျိုးကိုရှေးရှု ခိုင်မာသည့်အခြေခံဥပဒေပေါ်ပေါက်ရေးကြိုးပမ်း

၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ အမျိုးသားညီလာခံ၏ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ခေတ္တရပ်နားခဲ့ရာမှ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ရန်ကုန်တိုင်း ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်စတင်ကျင်းပသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် **ကျွန်တော်တို့ဟာ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲနဲ့ တိုင်းတစ်ပါးသွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား ပေါ်ပေါက်လာခဲ့တဲ့ သံသယအစွဲအလမ်းတွေ ဖယ်ရှားသန့်စင်ပြီး ခိုင်မာတဲ့အခြေခံဥပဒေပေါ်ပေါက်ရေးကို သဘောထားကြီးကြီး၊ အမြော်အမြင်ရှိရှိ စိတ်ရှည်ရှည်ထားကာ အချင်းချင်းနားလည်မှု၊ စာနာထောက်ထားမှု အပြည့်အဝနဲ့ လက်တွဲဆောင်ရွက်ကြဖို့ အထူးလိုအပ်ချိန်ဖြစ်ပါတယ်** ဟူ၍ ပြောကြားခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ဘဝကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လက်တွေ့ကျင့်သုံး ဖော်ဆောင်နိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကိုချမှတ်ပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်တွင် နိုင်ငံရေးနှင့်စီးပွားရေး အခြေအနေကောင်းများ အပြန်အလှန် ဆက်စပ်အကျိုးပြုလျက် လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဦးတည်ချက်ကို အကောင်အထည်ဖော်ရာတွင် ပဓာနကျပြီး အမျိုးသားရေး၊ နိုင်ငံရေးစွမ်းအား တည်ဆောက်ရာတွင် အဓိကကျသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အောင်မြင်မှုရရှိစေရန် ကြိုးပမ်းနိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံရေးအရ တိုးတက်ဖြစ်ပေါ်လာသည့် ရလဒ်ကောင်းများကို အခြေပြုပြီး နိုင်ငံတော်တွင် လိုအပ်လျက်ရှိသည့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ ကြိုတင်ပြင်ဆင် ညှိနှိုင်းမှု အဆင့်ဆင့်ကို ၁၉၉၂ ခုနှစ် ဇွန်လကစတင်၍ အလေးထားဆောင်ရွက်ခဲ့သည်။

၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှ ၁၉၉၆ ခုနှစ် မတ်လ ၃၀ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့သည့် အမျိုးသား ညီလာခံတွင် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းချမှတ်နိုင်ခဲ့ပေသည်။

ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုနှင့် ပတ်သက်သည့်အပိုင်းကို ယခင်ကကဲ့သို့ပင် ပြည်ထောင်စုနှင့် သက်ဆိုင်သည့်အပိုင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် သက်ဆိုင်သည်တို့ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြပြီး ကိုယ်စားလှယ် အစုအဖွဲ့အသီးသီးက စိတ်တိုင်းကျ အကြံပြုလျက် စာတမ်းများရရှိစေရေး ဆွေးနွေးပြုစုကြမည်ဖြစ်သည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များအနေဖြင့် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ ဦးတည်ချက်(၆)ရပ် ဘောင်အတွင်းမှ ဆွေးနွေးညှိနှိုင်း ဖော်ထုတ်သွားကြမည်ဖြစ်ရာ သတ်မှတ်ထားသော ကျင့်ဝတ်စည်းကမ်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

ယခုကဲ့သို့ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ အဆိုပါညီလာခံကြီးတွင် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည့် အခြေခံဥပဒေသည် အတိတ်သမိုင်းကြောင်းမှ သင်ခန်းစာများကိုယူပြီး အလားတူ အမှားအယွင်းများ၊ အားနည်းချက်များ မပါရှိစေရေး သတိတရားကြီးစွာထား၍ အခြေခံမူများကို ချမှတ်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေဖြင့် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲများကို ဖယ်ရှားပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှု၍ ခိုင်မာသည့် အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် သဘောထားကြီးကြီး၊ အမြော်အမြင်ရှိရှိ၊ နားလည်စာနာမှု အပြည့်အဝဖြင့် ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ॥

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အစီအစဉ်

## စည်းလုံးခြင်းသည်အင်အား

"တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် မည်သို့သော အဖျက်အမှောင့် မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

# နှစ် (၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု ပန်းချီ ပန်းပုပြိုင်ပွဲဝင်၊ ပြပွဲတင်လက်ရာများ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

**၂၀၀၅ ခုနှစ် နှစ် (၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့်အနုပညာ ပြိုင်ပွဲပြပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လက်ထောက် တပ်မတော်လေ့ကျင့်ရေးအရာရှိ (လေ) ဗိုလ်မှူးကြီးကိုကို၊ ပန်းချီ ပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဦးတင်စိုးနှင့် ဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)မှ အဖွဲ့ဝင်များလိုက်ပါ၍ ဖေဖော်ဝါရီ ၁၆ ရက်တွင် ပဲခူးမြို့သို့ရောက်ရှိပြီး ပဲခူးမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးခန်းမ၌ မြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးကော်မတီဝင်များနှင့် တွေ့ဆုံသည်။**



### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပဲခူးမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အတွင်းရေးမှူး ဦးမင်းသိန်းသမ်းတို့က နှစ် (၆၀)ပြည့် တပ်မတော်နေ့ ပြိုင်ပွဲပြပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ တပ်မတော်နေ့ဆိုင်ရာ ပန်းချီကားများ ရေးဆွဲနေမှုများ၊ မြို့နယ်အတွင်းရှိ ပန်းပုပညာရှင်များက တပ်မတော်နေ့ကို ဂုဏ်ပြုပြိုင်ပွဲဝင်ရန် သစ်လုံးပေါ်တွင် ထွင်းထုနေမှုများ၊ ပလတ်စတာဖြင့် ပုံသွင်းဖော်နေသည့် စစ်သည်တော်ရုပ်တုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

### တွေ့ဆုံ

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် လုပ်ငန်းကော်မတီဝင်များသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီတွင် ဒါးပိန်မြို့ ရိုးရာပန်းပညာရှင်များ အစည်းအရုံးသို့ရောက်ရှိပြီး ပန်းပညာရှင်များနှင့် တွေ့ဆုံသည်။

### ပါဝင်ပြသနိုင်

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဒါးပိန်မြို့ ရိုးရာပန်းပညာရှင်အစည်းအရုံးအနေဖြင့် တပ်မတော်နေ့ အထိမ်းအမှတ်ပန်းပုပြိုင်ပွဲကို နှစ်စဉ်မပျက်အင်တိုက်အားတိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင် ပန်းပုရုပ်တုများ၏ ၇၀ ရာခိုင်နှုန်းအထိ ပါဝင်ပြသနိုင်ခဲ့ကြောင်း၊ နှစ်စဉ်လည်း ဆုများစွာရရှိခဲ့ကြောင်း၊ ယခုလည်း ပညာရှင်များက ပြိုင်ပွဲဝင်ရုပ်တုများ အားကြိုးမာန်တက် ထုလုပ်နေမှုကိုတွေ့ရ၍ အထူးပင်ကျေးဇူးတင် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် ဒါးပိန်မြို့ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးထွန်းငွေက မိမိတို့အနေဖြင့် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းပုပြိုင်ပွဲကို နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ မျိုးဆက်သစ်များအားလည်း လက်ဆင့်ကမ်းပညာအမွေပေးပြီး ပြိုင်ပွဲဝင်စေကြောင်း၊ ယခုနှစ်လည်း ပြိုင်ပွဲဝင်၊ ပြပွဲတင် သစ်သားပန်းပုရုပ်တု ၈၀ ခန့်အထိ တင်သွင်းမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဂုဏ်ပြုပြပွဲတင်နှင့် ပြိုင်ပွဲဝင် သစ်သားရုပ်တုများ ထုလုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

**နှစ် (၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ကဗျာနှင့် အနုပညာ ပြိုင်ပွဲပြပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင် ပဲခူးမြို့တွင် ဂုဏ်ပြုပြပွဲတင်နှင့် ပြိုင်ပွဲဝင်ရုပ်တုများ ထုလုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။** (ယဉ်ကျေးမှု)




**ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ဘောက်ထော် ပြည်သာယာ ဝန်မင်းလမ်း၊ အမှတ် (၄)နေ ဒေါ်မြရင်အား ရည်စူး၍ ဦးဖေတင်နှင့် သားသမီးမြေးများက သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း) သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တု၊ သစ်တော၊ စက်မှုလက်မှု ပို့ဆောင်ဆက်သွယ်ရေး၊ လူမှုရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ကောက်နုတ်စုစည်းရှင်းလင်းတင်ပြ

✪ ရေဖုံးမှ

ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားအဖွဲ့ (၁၇)ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေးက "စီးပွားရေးကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြု တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏အဖွဲ့ဝင်အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်က "စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ"နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြု တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစောက "စွမ်းအင်၊ လျှပ်စစ်၊ သတ္တု၊ သစ်တောကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြု တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်က "ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြု တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းက "စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ"တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြု တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က "လူမှုရေးကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

## လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## သဘာပတိ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ဦး ရှိပြီး ၁၀၇၄ ဦးတို့ တက်ရောက်လာကြသည့်အတွက် ၉၉ ဒသမ ၃၅ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

## စီးပွားရေးကဏ္ဍ

ထို့နောက် စုံညီအစည်းအဝေးအစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြု တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေးက "စီးပွားရေးကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

**(အလှည့်ကျသဘာပတိ ဦးမြအေး၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)**

## စိုက်ပျိုးရေးနှင့်မွေးမြူရေး

ယင်းနောက် စုံညီအစည်းအဝေးကို နံနက် ၁၀နာရီတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်က "စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ" နှင့် စပ်လျဉ်း၍ ဆက်လက်တင်ပြသည်။

**(အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဒေါက်တာမျိုးသန့်တင်၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)**

## စွမ်းအင်၊လျှပ်စစ်၊သတ္တု၊သစ်တောကဏ္ဍ

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာ ဦးသိန်းဦးဘိုးစောက "စွမ်းအင်၊လျှပ်စစ်၊သတ္တု၊ သစ်တောကဏ္ဍ" နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နေ့လယ်စာသုံးဆောင်ရန် စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

**(အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဒေါက်တာ ဦးသိန်းဦးဘိုးစော၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)**

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ▲

# ဗီယက်နမ်နိုင်ငံကုမ္ပဏီများ ပြည်ပ၌ ရင်းနှီးမြှုပ်နှံရေး အားပေးမည်

ဟန္နိုင် ဖေဖော်ဝါရီ ၁၇

**ဗီယက်နမ်နိုင်ငံသည် နိုင်ငံတွင်းရှိကုမ္ပဏီများ ပြည်ပနိုင်ငံများ၌ ပိုမိုရင်းနှီးမြှုပ်နှံနိုင်စေရေးအတွက် ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲမည်ဖြစ်ကြောင်း စီမံကိန်းရေးဆွဲရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

ဗီယက်နမ်ပုဂ္ဂလိကပိုင် ကုမ္ပဏီများသည် မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ငါးသန်းအထိလည်းကောင်း၊ နိုင်ငံပိုင် ကုမ္ပဏီများသည် မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ သုံးသန်းအထိလည်းကောင်း ရင်းနှီးမြှုပ်နှံကာ ပြည်ပ၌ လုပ်ကိုင်နိုင်မည့် စီမံကိန်းများကို ခွင့်ပြုပေးရန် အဆိုပါ ဝန်ကြီးဌာနက အဆိုပြုထားသည်။

ပြည်ပနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် ဗီယက်နမ်ကုမ္ပဏီများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါဝင်သောကုမ္ပဏီများအကြား ဖက်စပ်လုပ်ငန်း ထူထောင်ရေးကို အစိုးရက ခွင့်ပြုပေးမည်ဟု မျှော်လင့်ရသည်။ ဖက်စပ်ကုမ္ပဏီများသည် ပြည်ပ၌ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများဆောင်ရွက်ရာ၌ မတည် ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ငါးသန်းထက်ကျော်လွန်ခြင်းကိုမူ ခွင့်ပြုမည် မဟုတ်ပေ။

ဗီယက်နမ်ကုမ္ပဏီများသည် ပြည်ပ၌ ရင်းနှီးမြှုပ်နှံနိုင်စေရန် အစိုးရက ပင်လယ်ရပ်ခြား စီမံကိန်းများအား လေ့လာသုံးသပ်သည့် ကာလတာကို လျှော့ချပေးမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၃၀ တွင် အမေရိကန်ဒေါ်လာ ၂၂၅ သန်းတန်ဖိုးရှိ စီမံကိန်း ၁၁၃ ခု အကောင်အထည်ဖော်နိုင်ရန် ကုမ္ပဏီများကို လိုင်စင်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယင်းကုမ္ပဏီများသည် ရုရှား၊ လာအို၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ဂျာမနီနှင့် အမေရိကန်နိုင်ငံတို့တွင် လုပ်ကိုင်လျက်ရှိသည်။ ဗီယက်နမ်ကုမ္ပဏီများ၏ ပင်လယ်ရပ်ခြား စီမံကိန်းများတွင် အငယ်စားစက်မှုလုပ်ငန်းများ၊ ရေနံတူးစမ်းရှာဖွေခြင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စသည်တို့ ပါဝင်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်မှဝယ်ယူလာသည့် ရှေးဟောင်းပစ္စည်းများ မရိန်းတပ်ဖွဲ့ဝင်တစ်ဦးထံမှ ပြန်လည်ရရှိ

**ဖီလာဒယ်ဖီးယား ဖေဖော်ဝါရီ ၁၇**

အီရတ်နိုင်ငံမှ အမှတ်တရပစ္စည်းများအဖြစ် ဌာနေပြန်ယူလာသည့် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးက အဆိုပါ ပစ္စည်းများသည် ရှေးဟောင်း သုတေသနနေရာမှ လုယူခဲ့သောပစ္စည်းများဟု သိရှိခဲ့ပြီးနောက် တာဝန်ရှိပုဂ္ဂိုလ်များထံ ပြန်အပ်ပေးခဲ့သည်။ ၎င်းမရိန်းတပ်ဖွဲ့ဝင်က ဒုလုံးရှည် ကျောက်တံဆိပ်တုံးရှစ်ခုကို ဒေါ်လာ အနည်းငယ်ပေး၍ ဝယ်ယူခဲ့ရာမှ ဌာနေပြန်လာစဉ် တက္ကသိုလ် ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးက စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။ အဆိုပါတံဆိပ်တုံးများသည် နှစ်သက်တမ်း ၅၀၀၀ ခန့်ရှိပြီး အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ၅၀၀၀ အထိ တန်ဖိုးရှိကာ ဘေဘီလုံမြို့အနီး ရှေးဟောင်းသုတေသနဆိုင်ရာ နေရာမှ လုယူခဲ့သောပစ္စည်းများဖြစ်သည်။ အဆိုပါ တံဆိပ်တုံးများကို ရွှံ့စေးပြားများပေါ် တံဆိပ်ခေါင်းအဖြစ် ရိုက်နှိပ်ရာတွင် အသုံးပြုခဲ့သည်။

ယင်းကဲ့သို့သောပစ္စည်းများ များစွာရှိကြောင်း၊ ၎င်းပစ္စည်းများသည် သမိုင်းအထောက်အထား အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း အနုပညာခိုးယူမှုဆိုင်ရာ ပြည်နယ် အထူးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် အမေရိကန်လက်ထောက် ရှေ့နေ ဘော့ဂိုလ်မင်းက ပြောကြားသည်။

**ယူခွင့်မပြု**

အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်မှ ဌာနေအပြန်တွင် အမှတ်တရပစ္စည်းနှင့် လက်ဝတ်လက်စားများ ယူခွင့်ပြုထားသော်လည်း ရှေးဟောင်းပစ္စည်းများကို ပြန်ယူခွင့်မပြုကြောင်း ဂိုလ်မင်းက ပြောကြားသည်။

**စီစဉ်**

ကုလသမဂ္ဂဆိုင်ရာ အီရတ်သံအမတ်ကြီး ဆူမေဒီက အဆိုပါတံဆိပ်တုံးများကို ပင်ဆီဖေးနီးယား ရှေးဟောင်းနှင့် မနုဿဗေဒပြတိုက်သို့ ငှားရမ်းရန် စီစဉ်နေသည်။

***အင်တာနက်။***

# မီးလောင်

**အီရတ်နိုင်ငံမြောက်ဘက် ကယ်ကွတ်မြို့အနီးရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ မီးလောင်နေသည်ကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*





**ဘဂ္ဂဒက်မြို့ ဟိုင်ဖာလမ်းတွင် လုံခြုံရေး စောင့်ကြပ်နေကြသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*




# ဆီးရီးယား–အီရန် ကုန်သွယ်မှုနယ်မြေတည်ထောင်မည်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၇**

ဆီးရီးယားနိုင်ငံနှင့် အီရန်နိုင်ငံတို့သည် နှစ်နိုင်ငံ အကျိုးတူဆက်ဆံရေး တိုးမြှင့်ရေးအတွက် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေတစ်ရပ် တည်ထောင်ရန် စီစဉ်လျက်ရှိကြောင်း ဆီးရီးယားဝန်ကြီးချုပ်က အင်္ဂါနေ့တွင် ပြောကြားသည်။

နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်ရန် ဆီးရီးယား–အီရန် အဆင့်မြင့်ကော်မတီ အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း ဆီးရီးယားဝန်ကြီးချုပ် မိုဟာမက်နာဂျီအိုတရီက ပြောကြားသည်။

နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက် ခိုင်မြဲစေမည့်နည်းလမ်းဖြင့် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ တည်ထောင်ရန် အခြေခံလုပ်ငန်းစဉ်များကို ချမှတ်နိုင်မည်ဟု ယုံကြည်ကြောင်း အိုတရီက ပြောကြားသည်။

နှစ်နိုင်ငံ သဘောတူစာချုပ်အများအပြားကို မကြာမီချုပ်ဆိုနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆီးရီးယား–အီရန် အဆင့်မြင့်ကော်မတီကို ၂၀၀၃ ခုနှစ် မေလတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား လွတ်လပ်သောကုန်သွယ်မှုကို တဖြည်းဖြည်းရရှိလာရန် ရည်ရွယ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ရေနံဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရန် ပါကစ္စတန်နှင့် ကာတာနိုင်ငံတို့ အပြီးသတ်ဆွေးနွေး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၇

**ပါကစ္စတန်နိုင်ငံနှင့် ကာတာနိုင်ငံတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများသည် နှစ်နိုင်ငံဆက်သွယ် တည်ဆောက်ရန်အတွက် အဆိုပြုထားသော ရေနံဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးကိစ္စကို အပြီးသတ်ညှိနှိုင်းသွားရန် အင်္ဂါနေ့က သဘောတူညီလိုက်ကြသည်။**

အဆိုပါရေနံပိုက်လိုင်းသည် ကီလိုမီတာ ၁၆၀၀ ရှည်လျားမည်ဖြစ်သည်။ တည်ဆောက်မှုစရိတ် အမေရိကန်ဒေါ်လာသန်းထောင်နှင့်ချီ၍ ကုန်ကျမည်ဖြစ်သည်။ ထိုပိုက်လိုင်း တည်ဆောက်ရေးကိစ္စကို ကာတာနိုင်ငံ စွမ်းအင်နှင့် စက်မှုဝန်ကြီး အဒူလာဘင်ဟာမစ် အန်အာတီယာနှင့် ပါကစ္စတန်ရေနံဝန်ကြီး အာမာနူလာခန်းဂျာဒွန်းတို့၏ ပဏာမဆွေးနွေးပွဲအပြီးတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ တိုင်းတာတွက်ချက်မှုများကို မကြာမီအချိန်ကာလအတွင်း ဆောလျင်စွာ ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုအစီရင်ခံစာပေါ်မူတည်၍ နှစ်နိုင်ငံအစိုးရတို့သည် ပိုက်လိုင်းအပြီးသတ်တည်ဆောက်ရေးကိစ္စကို ဆုံးဖြတ်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

နည်းပညာပိုင်းဆိုင်ရာ အစီရင်ခံစာ ရေးဆွဲရေးနှင့်ပတ်သက်၍ ဆွေးနွေးမည့် အစည်းအဝေးကို မကြာမီ သီတင်းပတ်အတွင်း ကာတာနိုင်ငံ ဒိုဟာမြို့၌ ပြုလုပ်သွားမည်ဖြစ်သည်။ ထိုပိုက်လိုင်း တည်ဆောက်ရေးကိစ္စမှာ ၁၄ နှစ်ကျော် အချိန်ကတည်းက ဆောင်ရွက်ရန်ဖြစ်သော်လည်း အချိန်ကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယခုအချိန်၌ အဆိုပါကိစ္စကို အတိုဆုံးအချိန်အတွင်း ဆောလျင်စွာ ဆောင်ရွက်သွားရန် ကြိုးစားလျက်ရှိကြောင်း ပါကစ္စတန်ရေနံဝန်ကြီး ဂျာဒွန်းက ပြောကြားသည်။

***အမ်အင်အေ၊ပီတီအိုင်။***

# အီရတ်အရပ်သားများ သေဆုံးမှုဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ စွဲချက်တင်ခံရဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်အရပ်သားများ သေဆုံးမှုနှင့်ပတ်သက်၍ စွဲချက်တင် ခံရဖွယ်ရှိနေကြောင်း၊ အဆိုပါအရပ်သားများ၏ အလောင်းများကို ဗြိတိသျှစစ်ဘက်က ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုပြုလုပ်ရန်အတွက် ပြန်ဖော်ယူထားကြောင်း အင်ဒီပင်းဒင့် သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြလိုက်သည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံတောင်ပိုင်းဒေသကို ၂၀၀၃ ခုနှစ် ဩဂုတ်လနှင့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလတို့တွင် အကြောင်းမဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟု ၎င်းအရပ်သားများ၏ မိသားစုများက စွပ်စွဲထားပြီး ၎င်းအီရတ်အရပ်သား ခြောက်ဦး၏ ဓာတ်ပုံများကို အထက်ပါသတင်းစာက ရှေ့ဖုံးတွင် မျက်နှာပြည့်ဖော်ပြသည်။

အမှုနှစ်မှုနှင့် ပတ်သက်၍ ဗြိတိသျှတပ်ဖွဲ့ဝင်များအား တရားစွဲဆိုထားပြီး အခြားအမှုများအတွက် လျော်ကြေးငွေပေးရန်ဖြစ်ကြောင်း အင်ဒီပင်းဒင့်သတင်းစာက ရေးသားသည်။ သို့ရာတွင် ဗြိတိသျှတပ်ဖွဲ့ဝင် မည်ရွေ့မည်မျှ ပါဝင်ပတ်သက်သည်ကိုမူ ဖော်ပြခြင်းမရှိပေ။

ကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ယင်းသတင်းကို ကြားသိထားကြောင်း ပြောကြားသည်။ သို့ရာတွင် လောလောဆယ် ဝေဖန်ပြောဆိုခြင်းမရှိပေ။

ဖော်ပြပါ အရပ်သားခြောက်ဦးမှ တစ်ဦးဖြစ်သည့် အသက် ၁၇ နှစ်ရှိ အယ်လ်ရိုအိမီသည် ဘာဆာရာမြို့တောင်ပိုင်းရှိ ၎င်း၏အိမ်ပြင်ဘက်တွင် အသတ်ခံခဲ့ရသည်ဟု သတင်းစာက ရေးသားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၄၇၁ ဦးရှိ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းတွင် မတော်တဆမှုနှစ်ခု ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့မှ မော်တော်ယာဉ်သည် ဒိုင်ယာလာပြည်နယ်ရှိ အက်စ်ဆာဒီယာဒေသအနီးတွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၇ နာရီခွဲခန့်က မတော်တဆမှုဖြစ်ပွားခဲ့ပြီး အမေရိကန် အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကြေညာချက်တွင် ပါရှိသည်။

တီကရစ်မြို့တွင် အခြေစိုက်သည့် ဖော်ပြပါတပ်မမှ ဒုတိယမြောက် တပ်ဖွဲ့ဝင်တစ်ဦးသည်လည်း တပ်ဖွဲ့ပေါင်းစု အခြေစိုက်စခန်းတွင် နံနက် ၉ နာရီ ၁၅ မိနစ်က ဖြစ်ပွားသည့် တိုက်ခိုက်မှုမဟုတ်သော မတော်တဆဖြစ်ရပ်တွင် သေဆုံးပြီး တတိယမြောက် တပ်ဖွဲ့ဝင်တစ်ဦးမှာလည်း အန်ဘာပြည်နယ်တွင် တိုက်ခိုက်ခံရမှုကြောင့် အင်္ဂါနေ့က သေဆုံးခဲ့သည်။ အမေရိကန်က အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ခဲ့ပြီး နောက် အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ဖေဖော်ဝါရီ ၁၇ ရက်အထိ ၁၄၇၁ ဦးရှိပြီဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးကဏ္ဍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အကြံပြုတင်ပြချက်များကို သဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြ

ရန်ကုန်  ဖေဖော်ဝါရီ  ၁၈

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ တင်ပြချက်များကိုကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိများဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစု အဖွဲ့မှ ဦးထွန်းရင်လောနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှတို့၏ ရှင်းလင်းတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့် ဥပဒေပြုစာရင်း လျာထားချက်ကဏ္ဍ (၁၁)ခုထဲမှ နိုင်ငံခြားရေးကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

၂၀၀၄ ခုနှစ် မေလ ၁၈ရက်နေ့မှာ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"နိုင်ငံတော်က စဉ်ဆက်မပြတ် ကျင့်သုံးနေသည့် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်ရှင်သန်စေပြီး နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံနိုင်ရေးကိုရှေးရှုကာ အမျိုးသားညီလာခံက နိုင်ငံခြားရေးနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် အခြေခံရမည့်မူများဟာဆိုလျှင်

- **နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူများကို စောင့်ထိန်းသည်။**
- **နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု၊**
- **နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု**

တို့ဖြစ်ပါကြောင်း။

ဤသို့ အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံရမည့်မူများနှင့် နိုင်ငံခြားရေးကဏ္ဍဆိုင်ရာ ဥပဒေပြုခွင့်အာဏာအတွက် အသေးစိတ် အခြေခံရမည့်မူများကို ဆွေးနွေးညှိနှိုင်းကြရတော့မည်ဖြစ်ကြောင်း။

အခု မိမိရှင်းလင်းတင်ပြသွားသည့် နိုင်ငံခြားရေးကဏ္ဍအောက်တွင်ပါရှိသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုဖို့ လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် နိုင်ငံတိုင်းလိုလိုမှာပင် သက်ဆိုင်ရာနိုင်ငံ၏ အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းများကိုသာ ဥပဒေပြုအာဏာများ အပ်နှင်းထားလေ့ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံအတော်များများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသည့်အခါတွင် တွေ့ရှိရပါကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအတွက်လည်း အောက်ပါ နိုင်ငံခြားရေးကဏ္ဍတွင် ပါရှိသင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်မသင့် ညီလာခံကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြရန် ဖြစ်ပါကြောင်း။

**၁။ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များ၊**

**၂။ ကုလသမဂ္ဂ၊**

**၃။ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊**

**၄။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေး၊**

**၅။ နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့်ဗီဇာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊**

**၆။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံမှ ထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊**

**၇။ ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေး**

တို့ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

## နိုင်ငံရေးပါတီများ

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဖော်ပြရှင်းလင်းချက်များနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော နိုင်ငံရေးပါတီခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက နိုင်ငံခြားရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်သာ ထားရှိခြင်းသည် နိုင်ငံအများစုတွင် ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများဖြစ်သည့်အတွက် သင့်လျော်ကြောင်း တွေ့ရှိရပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ဤကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စု ပအိုဝ်းအမျိုးသားများအဖွဲ့ချုပ်က မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နိုင်ငံခြားရေးဝါဒကို ကျင့်သုံးရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ကိုလိုနီနယ်ချဲ့ဝါဒ၊ ကိုလိုနီလက်သစ်ဝါဒီများကို ဆန့်ကျင်ရေး၊ လူမျိုးခွဲခြားရေး၊ အသားအရောင်ခွဲခြားရေးဝါဒ ဆန့်ကျင်ရေး၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ မကျူးကျော်ရေးနှင့် စိုးမိုးခြယ်လှယ်ခြင်းမပြုရေးတို့အတွက် တက်ကြွစွာ ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေး၊ ဒေသတွင်းနှင့် အိမ်နီးနားချင်းနိုင်ငံများ မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို အစဉ်လေးစားလိုက်နာ စောင့်ထိန်းလျက်ရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံအတော်များများတွင် သံအမတ်များ၊ ကောင်စစ်ဝန်များ၊ ကူးသန်းရောင်းဝယ်ရေးကိုယ်စားလှယ်များ ခန့်ထားပေးလျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ ညီလာခံများကိုလည်း ပါဝင်တက်ရောက်ပြီး မိမိနိုင်ငံမှာ အကောင်အထည်ဖော် ထမြောက်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံအသီးသီး၏ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး စာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းပြည်ပ ခရီးသွားလိုသူများအတွက် နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ခွင့်ဗီဇာများကို လူဝင်မှုကြီးကြပ်ရေးဥပဒေအရ သက်သေခံလက်မှတ်ထုတ်ပေးရမည် ဖြစ်ပါကြောင်း။

မိမိနိုင်ငံမှ ပြစ်မှုကျူးလွန်သူသည် အခြားနိုင်ငံသို့လည်းကောင်း၊ အခြားနိုင်ငံမှ ပြစ်မှုကျူးလွန်သူသည် မိမိနိုင်ငံသို့လည်းကောင်း ဝင်ရောက်ခိုလှုံနိုင်စရာ အကြောင်းရှိနိုင်သည့်အတွက် ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေးစာချုပ်များ ချုပ်ဆိုရနိုင်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရေးနှင့်စပ်လျဉ်းပြီး ဥပဒေပြုနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတဲ့အချက်ခုနစ်ချက်ကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြသွားပါတယ်။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ နိုင်ငံခြားရေးဆိုင်ရာ အကြောင်းကိစ္စနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားချက်များသည် ဆီလျော်သင့်မြတ်မှုရှိကြောင်း တွေ့ရပါကြောင်း။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဖော်ပြပါအချက်များအား ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။** (သတင်းစဉ်)

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက

(၁) ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊

(၂) နိုင်ငံခြားရေးကဏ္ဍ၊

(၃) တရားစီရင်ရေးကဏ္ဍတို့သည် နိုင်ငံတစ်နိုင်ငံလုံး၏ အရေးကိစ္စအတွက် ဆောင်ရွက်ရန် သင့်လျော်သည့် လုပ်ငန်းအခန်းကဏ္ဍများဖြစ်သဖြင့် ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ် အခြေခံရမည့်မူ (၇)ချက်၊ နိုင်ငံခြားရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ်အခြေခံရမည့်မူ(၇)ချက်၊ တရားစီရင်ရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ်အခြေခံရမည့်မူ(၁၁)ချက်တို့သည် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့အတွက် ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုဥပဒေပြု စာရင်းတွင် ထည့်သွင်းဖော်ပြထားခြင်းသည် မှန်ကန်သင့်လျော်သည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သော ပြည်ထောင်စု ကရင်အမျိုးသားအဖွဲ့ချုပ်က နိုင်ငံခြားရေးကဏ္ဍနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အချက်(၇)ချက်ကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း တင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက နိုင်ငံတော်က စဉ်ဆက်မပြတ်ကျင့်သုံးနေသော လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်ရှင်သန်စေရေးနှင့် နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုပြီး နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့် အခြေခံမူများကို ချမှတ်ပြီးဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင်လည်း အခြေအနေမှန်ကို လွတ်လပ်စွာ ဝေဖန်သုံးသပ်ဆုံးဖြတ်ဆောင်ရွက်သည့်အပြင် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အိမ်နီးချင်းကောင်း ပီသစွာ မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံလျက်ရှိရာ လူလူချင်း တန်းတူရည်တူရှိမှု၊ နိုင်ငံအားလုံး တန်းတူရည်တူရှိမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အစဉ်လေးစား လိုက်နာစောင့်ထိန်းလျက်ရှိသည့် နိုင်ငံတော်၏ နိုင်ငံခြားရေးကဏ္ဍဆိုင်ရာ သဘောထားအမြင်များကို ဖော်ဆောင်ထားသည့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်ပါ ဖော်ပြချက်များကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း တင်ပြလိုပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

## နိုင်ငံခြားရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထားရှိခြင်းသည် နိုင်ငံအများစုတွင်ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများဖြစ်၍ သင့်လျော်

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက မိမိတို့နိုင်ငံတော်သည် နိုင်ငံခြားရေးဝါဒကို ကျင့်သုံးရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ကိုလိုနီနယ်ချဲ့ဝါဒ၊ ကိုလိုနီလက်သစ်ဝါဒီတို့ကို ဆန့်ကျင်ရေး၊ လူမျိုးခွဲခြားရေး၊ အသားရောင်ခွဲခြားရေးဝါဒများဆန့်ကျင်ရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

**လူလူချင်း တန်းတူရည်တူရှိမှု၊ နိုင်ငံအားလုံး တန်းတူရည်တူရှိမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အစဉ်လေးစား လိုက်နာ စောင့်ထိန်းလျက်ရှိသည့် နိုင်ငံတော်၏ နိုင်ငံခြားရေး ကဏ္ဍဆိုင်ရာ သဘောထား အမြင်များကို ဖော်ဆောင်ထားသည့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်ပါ ဖော်ပြချက်များကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်သင့်။**

# ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း နိုင်ငံခြားရေးနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေပြုအဖွဲ့အစည်းများကိုသာ အပ်နှင်း

❀ စာမျက်နှာ ၆ မှ

တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ မကျူးကျော်ရေးနှင့် စိုးမိုးခြယ်လှယ်ခြင်း မပြုရေးတို့အတွက် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ ကိစ္စများမှာလည်း အခြေအနေမှန်ကို လွတ်လပ်စွာ ဝေဖန်သုံးသပ်ဆုံးဖြတ်ဆောင်ရွက်နေသည့်အပြင် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးတွင်လည်း အထူးသဖြင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အိမ်နီးချင်းကောင်းပီသစွာ မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံလျက်ရှိပါကြောင်း။

**မူများချမှတ်ခဲ့**

တစ်ချိန်တည်းမှာပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူလူချင်း တန်းတူရည်တူရှိမှုကို လည်းကောင်း၊ နိုင်ငံအားလုံး တန်းတူရည်တူရှိမှုကိုလည်းကောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကိုလည်းကောင်း အစဉ်လေးစားလိုက်နာစောင့်ထိန်းလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ယခုအခါတွင်လည်း မိမိတို့နိုင်ငံသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်၍ ကျင့်သုံးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အမျိုးသားညီလာခံတွင်လည်း နိုင်ငံခြားရေးနှင့် စပ်လျဉ်းပြီး နိုင်ငံတော်သည်လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။ နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော် တိုက်ခိုက်ခြင်းမပြု၊ နိုင်ငံအတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုလို့ အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေပြုအဖွဲ့အစည်းများကိုသာ အပ်နှင်းထားလေ့ရှိကြောင်း လေ့လာသိရှိရပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သော နိုင်ငံခြားရေးကဏ္ဍတွင် ပါရှိသင့်သည့် ကိစ္စရပ် (၇)ရပ်ကို ဥပဒေပြုရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း၊ အကြံပြုတင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း ငါးစောင်အနက်

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊

– မြို့(ခ) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးတင်ပြချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

**လျော်ကန်သင့်မြတ်**

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှူထန်နှင့် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ နိုင်ငံခြားရေး အကြောင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားချက်များသည် လျော်ကန်သင့်မြတ်မှုရှိပါသဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အထက်ပါနိုင်ငံခြားရေးနှင့် ပတ်သက်သည့် အချက်များအား ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "နိုင်ငံခြားရေးကဏ္ဍမှာ ပါဝင်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်သည် ပြည့်စုံပြီးဖြစ်သည့်အတွက် ဖြည့်စွက်အကြံပြုတင်ပြရန်မရှိပါ"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

**ထောက်ခံတင်ပြ**

ထိုကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က " နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြသည့် အချက်(၇)ချက်ပါ နိုင်ငံခြားရေးကဏ္ဍနှင့် ပတ်သက်သည့် ဆွေးနွေးတင်ပြချက်သည် ပြီးပြည့်စုံပြီးဖြစ်သည့်အလျောက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က "နိုင်ငံခြားရေးကဏ္ဍအောက်မှာပါရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုရန် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် နိုင်ငံတိုင်းလိုလိုမှာပင် သက်ဆိုင်ရာနိုင်ငံ၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းတွေကိုသာ ဥပဒေပြုအာဏာများ အပ်နှင်းထားလေ့ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံ အတော်များများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများကို လေ့လာသည့်အခါတွင် တွေ့ရှိရပါကြောင်း။

ထို့ကြောင့် နိုင်ငံခြားရေးကဏ္ဍတွင် ပါရှိသင့်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က–

"နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ ၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း–၁၂၊ ပြည်ထောင်စုအချင်းချင်း ဆက်ဆံရေး ခေါင်းစဉ်အောက်မှာရှိသည့် ပုဒ်မ ၂၁၁ နှင့် ၂၁၂ တို့မှာ ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားရေးမူဝါဒများ၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီက မြန်မာနိုင်ငံခြားရေး မူဝါဒထုတ်ပြန်ချက်များနှင့် ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေအခန်း(၂)ပါ နိုင်ငံခြားရေးနှင့် စပ်လျဉ်းသည့် မူဝါဒများကို ချမှတ်ကျင့်သုံးခဲ့ကြောင်း တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ယခုအမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး ရှင်းပြသည့် နိုင်ငံခြားရေးကဏ္ဍတွင် ဖော်ပြထားသော အချက် (၇) ချက်သည် ဖော်ပြသင့်သော အသေးစိတ်အခြေခံရမည့် မူများဖြစ်သဖြင့် အားလုံးကို ထောက်ခံကြောင်း တင်ပြပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က "အခု မိမိတို့တင်ပြသွားသည့် နိုင်ငံခြားရေးကဏ္ဍအောက်တွင်ရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုဖို့ လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် နိုင်ငံတိုင်းလိုလိုမှာပင် သက်ဆိုင်ရာနိုင်ငံ၏ အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းများကိုသာ ဥပဒေပြုအာဏာများ အပ်နှင်းထားလေ့ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံတော်တော်များများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာတဲ့အခါတွင် တွေ့ရှိရပါကြောင်း။

**ပါရှိသင့်**

ထို့ကြောင့် မိမိတို့ နိုင်ငံအတွက်လည်း နိုင်ငံခြားရေးကဏ္ဍတွင် ပါရှိသင့်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါသည်။



**အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။** (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံခြားရေးကဏ္ဍနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များအပေါ် ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "နိုင်ငံခြားရေးကဏ္ဍတွင် ပါရှိသင့်သော ကိစ္စရပ်များ၏ စာရင်းကို အောက်ပါအတိုင်း ချမှတ်သင့်ပါ ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

၁။ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ၊

၂။ ကုလသမဂ္ဂ၊

၃။ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊

၄။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေး၊

၅။ နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့်ဗီဇာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊

၆။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံမှ ထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊

၇။ ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေးတို့ ဖြစ်ပါကြောင်း" ဆွေးနွေးတင်ပြသွားကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ တင်ပြချက်ကိုလေ့လာကြည့်လျှင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ 'သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များ'ဟူသော စကားရပ်အစား 'သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ'ဟု ပြင်ဆင်ရန် အကြံပြုသွားပါကြောင်း။

ဤအကြံပြုချက်နှင့်စပ်လျဉ်းပြီး နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "ကမ္ဘာ့နိုင်ငံများ အားလုံးတွင် နိုင်ငံခြားဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို တစ်နိုင်ငံလုံးကိုယ်စား ဗဟိုအစိုးရကသာ ကိုင်တွယ်ဆောင်ရွက်လေ့ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများတွင် သံရုံး၊ ကောင်စစ်ရုံး၊ အဖွဲ့ရုံးများဖွင့်လှစ်ခြင်း၊ မိမိနိုင်ငံအတွင်း နိုင်ငံခြားမှသံရုံး၊ ကောင်စစ်ရုံး၊ အဖွဲ့ရုံးများ ဖွင့်လှစ်ခြင်း၊ ယင်းရုံးများတွင် တာဝန်ထမ်းဆောင်သည့် သံတမန်၊ ကောင်စစ်နှင့် အခြားကိုယ်စားလှယ်များ အဆင့်ဆင့်ကို ခန့်အပ်ခြင်း၊ လက်ခံဆောင်ရွက်စေခြင်းတို့ကို ဗဟိုအစိုးရက တစ်နိုင်ငံလုံးကိုယ်စား ကိုင်တွယ်ဆောင်ရွက်ရပါကြောင်း။

**ခန့်အပ်ခြင်း**

သံတမန်ကြီး၊ သံအမတ်၊ သံမှူးကြီး၊ သံမှူး၊ ပထမအတွင်းဝန်၊ ဒုတိယအတွင်းဝန်၊ တတိယအတွင်းဝန်၊ သံအရာရှိ၊ ကောင်စစ်ဝန်ချုပ်၊ ဒုတိယကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်၊ ကောင်စစ်သံအရာရှိ၊ ဒုတိယ ကောင်စစ်သံအရာရှိ၊ စစ်သံမှူး၊ ကာကွယ်ရေးသံမှူး၊ လက်နက်ကိုင်တပ်ဖွဲ့များသံမှူး၊ ကူးသန်း ရောင်းဝယ်ရေးသံမှူး၊ စီးပွားရေးသံမှူး၊ ကုန်သွယ်ရေးသံမှူး၊ ယဉ်ကျေးမှုသံမှူး၊ ပညာရေးသံမှူးစသည့် နိုင်ငံ့ကိုယ်စားလှယ်မျိုးစုံတို့ကို ခန့်အပ်ခြင်းနှင့်လက်ခံဆောင်ရွက်စေခြင်းတို့သည် နိုင်ငံတိုင်းတွင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ★

**အမျိုးသား ညီလာခံတွင်လည်း နိုင်ငံခြားရေးနှင့် စပ်လျဉ်းပြီး နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံ အချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူများကို စောင့်ထိန်းသည်။ နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော် တိုက်ခိုက်ခြင်းမပြု၊ နိုင်ငံအတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုလို့ အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီးဖြစ်။**

ဤကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "ယနေ့နိုင်ငံတော်တွင် နိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးဝါဒများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာမူဝါဒများနှင့် ငွေကြေးမူဝါဒများ ချမှတ်ပြီး နိုင်ငံတစ်ဝန်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်နေရပါကြောင်း၊ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ကို အားသွန်ခွန်စိုက် တည်ဆောက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ အမျိုးသားညီလာခံကြီးကလည်း ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်တင်ရေးနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရှေးရှုပြီး ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ အခြေခံရမည့်မူအချို့ ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအသီးသီးသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ခုလုံးနှင့်ဆိုင်သော ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့်ဥပဒေများကို နိုင်ငံတော်၏ အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းများက လိုအပ်သလို ပြဋ္ဌာန်းပေးသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာရန်အတွက် နိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမည့် ဘဏ္ဍာရေးနှင့်စီမံကိန်းဆိုင်ရာ လုပ်ငန်းများကို ချမှတ် အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ ဥပဒေပြုအဖွဲ့အစည်းများက သက်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းကြရမည်ဖြစ်ပါကြောင်း။

အားလုံး၏ လူနေမှုအဆင့်အတန်းမြင့်တင်ရေးနှင့် အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှေးရှုပြီး ဖြစ်သည့်အပြင် ချမှတ်ထားပြီးဖြစ်သည့် နိုင်ငံတော် အခြေခံမူများပါ ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာမူများနှင့်လည်း အံဝင်ခွင်ကျ ကိုက်ညီဆီလျော်နေပါသောကြောင့် ထပ်မံဖြည့်စွက်အကြံပြုတင်ပြရန်မရှိပါကြောင်း၊ သို့ပါ၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ မူ ၂၅ချက်အား ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။"

"ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်မူများနှင့် ပတ်သက်၍ အကြံပြုတင်ပြဆွေးနွေးလိုပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြသောမူများသည် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် မူများဖြစ်သည်ဟု ယူဆယုံကြည်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသော ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင်ပါဝင်သော ကိစ္စရပ်များနှင့် ပတ်သက်ပြီး

**ကမ္ဘာပေါ်တွင်ရှိသည့်နိုင်ငံအသီးသီးသည် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ခုလုံးနှင့် ဆိုင်သောဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့်ဥပဒေများကို နိုင်ငံတော်၏ အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းများက လိုအပ်သလို ပြဋ္ဌာန်းပေးသည်ကို လေ့လာတွေ့ရှိရ။**

လုပ်ငန်းကော်မတီဥက္ကဋ္ဌက စုစည်းတင်ပြသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းရန်ကိစ္စများသည် ကြောင်းကျိုးဆီလျော်ပါသဖြင့် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်ဟူ၍လည်းကောင်း ဆွေးနွေးတင်ပြသွားပါသည်။"

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်သည့် အချက် ၂၅ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူဆိုင်ရာ အခြေခံရမည့်မူအချို့လည်း ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ဖော်ပြသင့်သည့် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့်အချက် ၂၅ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းမှာ ဖော်ပြသင့်သည့် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့် အချက် ၁၁ချက်တို့ကို ထောက်ခံပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "မိမိတို့တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင်ပါဝင်မည့် အခွန်အယူခံခြင်းဆိုင်ရာအပိုင်းတွင် အခွန်အယူခံရုံးကို ပြည်

# ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် ပါရှိသင့်သည့် ကိစ္စရပ် ၂၅ရပ်ကို ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရန်သင့်

ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် ပါရှိသင့်သည့် ကိစ္စရပ် ၂၅ရပ်ကို ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်သင့်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်ထောင်စုတစ်ဝန်းလုံးနှင့် သက်ဆိုင်သည့် ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာကိစ္စရပ်များရှိမည်ဖြစ်သကဲ့သို့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်အောင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဆောင်ရွက်ရမည့် ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ ကိစ္စရပ်များလည်း ရှိမည်ဖြစ်ပါကြောင်း။

ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သော ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် ပါရှိသင့်သော ကိစ္စရပ် ၁၁ရပ်ကို ဥပဒေပြုရန် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန်သင့်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဆွေးနွေးတင်ပြသော အကြံပြု ချက်စာတမ်း ငါးစောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊
- မြို့(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့၏သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

ဤကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်မူများသည် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုသားများ



အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

လိုအပ်သော ဥပဒေများပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေပြုအာဏာခွဲဝေပေးရန် တင်ပြထားသည့်အချက် ၂၅ချက်နှင့် တိုင်းဒေသကြီး လွှတ်တော်များသို့ ဥပဒေပြုအာဏာ ခွဲဝေအပ်နှင်းသင့်သော အချက် ၁၁ချက်တို့နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်သည် ပြီးပြည့်စုံပြီးဖြစ်သည့်အတွက် အကြံပြုရန် မရှိပါကြောင်း တင်ပြလိုပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှတစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်ဟူ၍လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး

များ ချမှတ်သင့်သည့်အချက် ၁၁ချက်တို့နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်အပေါ် ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က "နိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးမူဝါဒရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ မူဝါဒများနှင့် ငွေကြေးမူဝါဒများကို ချမှတ်ပြီး ဘဏ္ဍာရာဖွေခြင်း၊ ထိန်းသိမ်းခြင်း၊ ခွဲဝေခြင်း၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းတွင် ကြီးကြပ်ကွပ်ကဲခြင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကြီးကြပ်ခြင်းနဲ့ နိုင်ငံတော် တစ်ဝန်းလုံး တစ်ပြေးညီ တိုးတက်စေရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးသည် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်ပါကြောင်း၊ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ကျန်ကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကလည်း ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် အမျိုးသားစီးပွားရေး တိုးတက်စေရန်အတွက် ရှေးရှုပြီး ဘဏ္ဍာရေးနှင့် စီမံကိန်း

ထောင်စု တစ်ခုလုံးနှင့်ပတ်သက် သက်ဆိုင်နေသည့်အတွက် ပြည်ထောင်စုအဆင့်မှာသာရှိသင့်သည်ဆိုသော်လည်း ပြည်ထောင်စုအဆင့်မှာသာထားမည်ဆိုလျှင် မကျေနပ်သည့် အခွန်ထမ်းများအတွက် မိမိတို့၏ မကျေနပ်ချက်များကို အခွန်အယူခံရုံးသို့ တင်ပြရာတွင် အချိန်ကြန့်ကြာခြင်း၊ ဗဟိုမှအခြေအနေမှန်ကို သိရှိဖို့ခက်ခဲခြင်း စသည့် အခြေအနေများကြောင့် အခွန်အယူခံရုံးကို ပြည်ထောင်စုအဆင့်မှာ သာမကဘဲ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်များမှာလည်း ထားပေးခြင်းအားဖြင့် လုပ်ငန်းများ ပိုမိုလျင်မြန် သွက်လက် မှန်ကန်လာမည်ဖြစ်ကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က "ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင်အကျုံးဝင်သည့် အချက် ၂၅ချက်နှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ပါကြောင်း တင်ပြအပ်ပါသည်ဟူ၍ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့် ကိစ္စရပ် ၁၁ရပ်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း တင်ပြအပ်ပါသည်ဟူ၍လည်းကောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က "ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် ပြည်ထောင်စုဥပဒေပြုစာရင်း၌ ကိစ္စရပ် ၂၅ရပ် ထည့်သွင်း၍ အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံ တင်ပြအပ်ပါသည်ဟူ၍လည်းကောင်း၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ ကိစ္စရပ် ၁၁ရပ်ကို ဥပဒေပြုရန်လိုအပ်ပါက ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြ၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်"ဟူ၍လည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က "ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့် ကိစ္စရပ် ၂၅ရပ်ကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည် ဟူ၍လည်းကောင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

## မြန်မာ့ရုပ်မြင်သံကြ
## အစီအစဉ်

**၁၉-၂-၂၀၀၅**
**(စနေနေ့ )**

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓေဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင် သာသနာပြု ဆရာတော် ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစား
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အရေးပြိုင်ပွဲ
၈:၀၅ ၆။ ဖြူးချောင်းတံတား
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International New
၈:၄၅ ၉။ Grammar Made Ea
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြ
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သ ပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းမေတ္တာ (အပိုင်း-**
၁:၁၀ ၇။ ဆင်ဖြူရှင်တံတား
၁:၂၀ ၈။ **"ဈေးကွက်တံခါးခေါက် (မြင်စိုင်းသားအောင်အေ စိန်ရီ၊ အရှည်ကြီး၊ အုန် ရွှေအေးကို၊ ကောင်းချာ မိုးပြည့်ပြည့်မောင်၊ တင်တ [ဒါရိုက်တာ-ဇော်ဆက်]**
၁:၄၀ ၉။ တိုင်းရင်းသားရိုးရာယဉ် အက လှပဝေဆာ
၂:၃၀ ၁၀။ သုံးဆယ်ရေလျှောင်တမံ
၂:၄၅ ၁၁။ International New
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေ
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyo Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာ ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၅:၁၅ ၆။ နားဝင်ပီယံသူ့လက်သံ
၅:၂၀ ၇။ အကပဒေသာ
၅:၃၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၄၀ ၉။ တေးဂီတအစီအစဉ်
၅:၅၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြ
၆:၁၅ ၁၁။ ဒုတိယနှစ် ဒေသအလိုက အမျိုးသား ကာကွယ်ဆေ နေ့များအကြောင်း သိကောင်းစရာ
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Discovery
၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းပိုင် (အပိုင်း-၅၅)**
၇:၃၅ ၁၆။ တေးဂီတအစီအစဉ်
၇:၄၅ ၁၇။ အမျိုးသားညီလာခံဂုဏ်ပြု
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၁၉)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

# ကမ္ဘာအေးစေတီတော် ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးတော်မူသော သီရိမဟာဇိနိန္ဒ ဘော်သားဆင်းတုတော်ကြီးအား ရွှေစလွယ်တော်နှင့် ဘယက်တော်များ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

**ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးတော်မူလျက်ရှိသော သီရိမဟာဇိနိန္ဒ ဘော်သားဆင်းတုတော်ကြီးအား ရွှေစင်ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသည့် ရွှေစလွယ်တော်နှင့် ဘယက်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ အာရုံခံတန်ဆောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ တက်ရောက်ကြည်ညိုပူဇော်ပြီး ရွှေစလွယ်တော်နှင့် ဘယက်တော်များ ဆက်ကပ်လှူဒါန်းကြသည်။**

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သရက်ဆရာတော် ဘဒ္ဒန္တကေသရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းထွန်းဦး၊ ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးကြီးတင်ထွန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် ဘဒ္ဒန္တကေသရ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်တို့အား ရွှေဘယက်တော်၊ ရွှေပခုံးတော်ကာ ရွှေစလွယ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

### ပင့်ဆောင်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ဦးဆောင်၍ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက ရွှေပခုံးတော်ကာ ရွှေစလွယ်တော်နှင့် ရွှေဘယက်တော်များကို ပင့်ဆောင်ကာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည် အပူဇော်ခံပြီး ဂန္ဓကုဋိတိုက်အတွင်းသို့ ပင့်ဆောင်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က သီရိမဟာဇိနိန္ဒ ဘော်သားဆင်းတုတော်ကြီးအား ရွှေစလွယ်တော်နှင့် ဘယက်တော်များကို ဆက်ကပ်လှူဒါန်းကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း ပူဇော်ကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးတော်မူလျက်ရှိသော သီရိမဟာဇိနိန္ဒဘော်သားဆင်းတုတော်ကြီးအား ရွှေစလွယ်တော်နှင့် ရွှေဘယက်တော်များ ဆက်ကပ်လှူဒါန်းစဉ်။**

(ရကတ)

### နှုတ်ခွန်းဆက်စကားပြောကြား

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးသို့ လာရောက်လေ့လာကြသည့် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ် ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကရင်တိုင်းရင်းသား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)





# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးသို့ ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ် ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကရင်တိုင်းရင်းသား အသင်းဝင်များလာရောက်လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်မြို့၌ ရောက်ရှိနေသော မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် အရှေ့ဘက် တောင်ပေါ်ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကရင်တိုင်းရင်းသား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ၅၆ဦးပါ လေ့လာရေးအဖွဲ့သည် ယနေ့ညနေပိုင်းတွင် ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးသို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေတို့က ဝမ်းမြောက်စွာတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ထွေးဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လေ့လာရေးအဖွဲ့ကိုယ်စား ကိုယ်စားလှယ် တစ်ဦးက လေ့လာရေးအထိမ်းအမှတ် အမှတ်တရအလံကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

**အမှတ်(၈၂/စီ)သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်နေ ဦးအေးသန့်-ဒေါ်အေးရီမိသားစုက ဦးအေးသန့်မွေးနေ့ အထိမ်းအမှတ်အဖြစ် လစဉ် ဆေးအလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့ လှူဒါန်းရာ ဆေးကူညီမှုခေါင်းဆောင် ဒေါက်တာဦးအောင်မြင့်နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)



**ကွယ်လွန်သူမောင်ပြည့်ဖြိုးကျော်အားရည်စူး၍ ဦးအေးကျော်မောင်(ရာဇာနည်းပြ)၊ ဒေါ်သန်းသန်းငွေ၊ သမီးမဖွန့်ပွင့်တို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို ဇန်နဝါရီ ၁၄ရက်က လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဘညွန့် လက်ခံစဉ်။** (က-ပ)



## မုံရွာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မုံရွာဂေါက်ကလပ်က ကြီးမှူး၍ ၂၀၀၅ခုနှစ်ပထမအကြိမ် Monywa Open ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၅ရက်နှင့် ၆ရက်တို့တွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

### ယှဉ်ပြိုင်ခွင့်ရှိ

ပြိုင်ပွဲတွင် တစ်ဦးချင်း အကျောပေးရွှေအဆင့် ရိုက်ချက် (၀-၉) ရှိသူများနှင့် ငွေအဆင့်ရိုက်ချက် (၁၀-၁၈)ရှိသူ ဂေါက်သီးရိုက် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

### ဆက်သွယ်နိုင်

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် မတ် ၂ရက် နောက်ဆုံးထား၍ မုံရွာဂေါက်ကလပ်သို့ အမည်စာရင်းများ ပေးသွင်းကြရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် ပတ်သက်၍ မုံရွာဂေါက်ကလပ် ဖုန်း-၀၇၁-၂၁၅၅၀နှင့် ၀၇၁-၂၂၆၂၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

# (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၃

**(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဒူကထောင်ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဒူကထောင်ရပ်ကွက် ဝန်ပေါင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါလမ်းသစ် မုခ်ဦးတွင် ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ချီးမြှင့်သည်။**

အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက ကိုယ့်အားကိုယ်ကိုးလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့်လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌတို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ လမ်းသည် မူလမြေသားမှ ကတ္တရာလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြစ်ပြီး အရှည်ပေ ၂၃၀၀၊ အကျယ် ၁၂ ပေရှိ၍ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးငွေကျပ် ၁၄၀၀၀၀၀၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နည်းပညာ၊ စက်ယန္တရား အားဖြည့်ပြီး ငွေကျပ် ၁၄၀၀၀၀၀နှင့် ရပ်ကွက်ပြည်သူများက ကျပ် ၄၂၁၄၀၀၀ စုစုပေါင်း ငွေကျပ် ၇၀၁၄၀၀၀ ကုန်ကျကြောင်း သိရသည်။

**(နယ်စပ်စည်ပင်)**



## ဓမ္မဒူတ တရားပွဲကျင်းပမည်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်း ဓမ္မဒူတ တောရကျောင်းတိုက် နာယကဆရာတော် အရှင်ပညိသာရ (သာသနဓဇ ဓမ္မာစရိယ၊ သာသန ဇောတိပါလ ဓမ္မာစရိယ၊ သာသနဟိတ ဂဏဝါစက အာစရိယ B.A, M.A)သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ပဲခူးမြို့ သာမဏေကျော် စာသင်တိုက် ဓမ္မသဘင်၊ ၂၅ ရက်တွင် မုံရွာမြို့ ဓမ္မသဘင်၊ ၂၇ ရက်တွင် ဘီးလင်းမြို့နယ် ဇုက္ကလိကျေးရွာ ဓမ္မသဘင်၊ ၂၈ ရက်တွင် ဘီးလင်းမြို့နယ် ယက္ကန်းသည်မကျေးရွာ ဓမ္မသဘင်၊ မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိအသင်း ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ **(က-ပ)**

**ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ငရုတ်ကောင်းတောင်ရွာမှ ငရုတ်ကောင်းမြို့သို့ ဆက်သွယ်သော ကျေးလက်မြေသားလမ်း မိုင် ၂၀ တစ်ကြောင်းထိုး ဖောက်လုပ်ခြင်းလုပ်ငန်း၌ စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးသူရလွင်တို့ ဇန်နဝါရီ ၂၇ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



**ဖေဖော်ဝါရီ၁၀ ရက်က လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်းဖြစ်သော သစ္စာလမ်း ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။**

(နယ်စပ်စည်ပင်)



## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်မည်

**ကျိုက်ထို ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းမြို့ဟောင်းရှိ ယခင် အလကမှ ယခု အထကကျောင်းတွင် စာပေသင်ကြားခဲ့သော ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်းနှင့် တစ်ဦးတည်း အလှူရှင်နှင့် စုပေါင်း ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ် ငါးဆောင်အား ပညာရေးဝန်ကြီးဌာနသို့ ဖေဖော်ဝါရီ ၂၀ ရက်၌ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

အထက စစ်တောင်းကျောင်းသား၊ ကျောင်းသူများသည် ဦးမျိုးမြင့်အောင် ဖုန်း-၅၆၀၅၈၄၊ ဦးဇော်မင်း၊ ဦးစိုးမြင့် ဖုန်း-၅၇၉၁၃၁၊ ဦးသိန်းအောင် ဖုန်း-၆၆၃၃၉၀၊ ဦးစိုးသိန်း ဖုန်း ၀၉-၂၀၀၁၀၉၇၊ ဦးကျော်လင်း (ခတ်ပုံ-အဏ်ထော်ဏီ) ဖုန်း-၂၉၀၈၅၇၊ ဖုန်း-၂၈၁၈၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

**ပျော်ဘွယ် ဖေဖော်ဝါရီ ၁၂**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ကင်းတား-ညောင်ရွှေလမ်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက်က အဆိုပါ လမ်းသစ် မုခ်ဦးတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ကင်းတား-ညောင်ရွှေ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကင်းတား-ညောင်ရွှေ လမ်းသည် အရှည် ၅၁၇၅ ပေ၊ အကျယ် ၁၂ ပေရှိပြီး မူလမြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၆၃၀၀၀၀၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**(မြို့နယ်စည်ပင်)**

## တရားတော်များ ဟောကြားမည်

**မိုးညို ဖေဖော်ဝါရီ ၁၆**

မိုးညို၊ ပြည်၊ ကြခင်း၊ မြန်အောင်၊ ဓနုဖြူမြို့နယ်များမှ မဟာဒွါရ နိကာယ ဆရာတော်ကြီးများ ကြီးမှူး၍ သံဃာတော် အပါး ၃၀၀ ကျော်တို့က (၂၆) ကြိမ်မြောက် ဓမ္မရက္ခိတ စာမေးပွဲသဘင်ကြီးကို မိုးညိုမြို့နယ် လက်ပံခုံရွာ ဓမ္မရက္ခိတာရုံ ကျောင်းတိုက်တွင် ဖြာသိုလပြည့်ကျော် ၈ ရက်မှ ၁၅ ရက်အထိ ဖြေဆိုကြပြီး (၃၆)ကြိမ်မြောက် ဆရာတော်ကြီးအား ပူဇော်သည့်အနေဖြင့် မြန်အောင်၊ ဓနုဖြူ၊ လေးမျက်နှာ၊ စစ်ကွင်းမြို့တို့မှ နယ်လှည့်ဓမ္မကထိကဆရာတော်များက တရားတော်များကို ဟောကြားမည်ဖြစ်သည်။

**(မြို့နယ်ပြန်/ဆက်)**

## ကတ္တရာလမ်းခင်းမှု ကွင်းဆင်းစစ်ဆေး

**ပုသိမ် ဖေဖော်ဝါရီ ၁၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ဖေဖော်ဝါရီ ၁၅ရက်က ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အရှည် ပေ ၉၂၀၊ အကျယ် ပေ ၅၀ ရှိ ပုသိမ်မြို့အစိုးရ နည်းပညာကောလိပ်အဝင်လမ်းမကြီးအား ကတ္တရာလမ်း ဆောင်ရွက်မှုလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်သောင်းတို့က ကတ္တရာလမ်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

**(နယ်စပ်စည်ပင်)**

**ကလေးမြို့ တာဟန်းရပ်ကွက်အတွင်းရှိ ရာဇဝိုဟ်လမ်းအရှည် ၄၃၅ ပေ၊ အကျယ် ၁၂ပေအား မူလမြေသားလမ်းမှ ကတ္တရာခင်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၃ ရက်က အမှုဆောင်အရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ခေါင်လန်ဖူး ဇန်နဝါရီ ၃၁**

ခေါင်လန်ဖူးမြို့ စည်ပင်သာယာရေးအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်က မြို့တွင်းလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် စွန့်ပစ်အမှိုက်များ သယ်ယူခြင်း၊ တိမ်ကောနေသည့် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။

**(နယ်စပ်စည်ပင်)**

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ရွှေတောင် ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖများ စုပေါင်း၍ ဈေးကြီးအတွင်း မီးသုံးစွဲမှုများ၊ လျှပ်စစ်မီးကြိုး သွယ်တန်းသုံးစွဲမှုများ၊ မီးဘေးကြိုတင်ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ စနစ်တကျ ရှိ၊ မရှိ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုအတွက် သတ်မှတ်ချက်များ လိုက်နာမှု ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်ကြသည်။

**(ယာပုံ)**

**ရှင်းလင်းပြောကြား**

ထိုသို့ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလိုအပ်ချက်များအား ရှင်းလင်းပြောကြားကြောင်း သိရသည်။

**(၁၄၃)**








# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံသတင်း ရယူရန် လာရောက်ကြသည့် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ညစာစားပွဲ တည်ခင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသတင်းရယူရန် လာရောက်ကြသည့် ပြည်ပရှိ နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ယမန်နေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ တွေ့ဆုံ၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

အဆိုပါ ညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်ပနိုင်ငံများရှိ The Yomiuri Shimbun၊ Fuji Television Network Inc.၊ Tokyo Broadcasting System (TBS)၊ The Nishinippon Newspaper Co.၊ The Sankei Shimbun၊ N.H.K၊ The Mainichi Newspaper၊ Nippon Television Network Corp. (NTV)၊ The Tokyo Shimbun၊ Kyodo၊ Asahi Shimbun၊ VOA၊ EPA၊ TV Asahi News၊ AFP၊ Ji Ji Press၊ Reuter၊ A.P နှင့် Kyodo သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေ ၆နာရီခွဲတွင် ကရဝိက်နန်းတော်သို့ ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အမျိုးသားညီလာခံ သတင်းရယူရန် လာရောက်ကြသည့် ပြည်ပရှိ နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အမျိုးသားညီလာခံ သတင်းရယူရန် လာရောက်ကြသည့် ပြည်ပရှိ နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ကရဝိက်နန်းတော်မှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

## အမျိုးသားညီလာခံစုံညီအစည်းအဝေး

**ဖေဖော်ဝါရီ ၁၈ ရက်က အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။**

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံတွင် သတင်းရယူရန် လာရောက်ကြသည့် ပြည်ပရှိ နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

မြေမှုံ The Mirror

## ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

✻ **ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုနှင့် ပတ်သက်သည့်အပိုင်းကို ယခင်ကကဲ့သို့ပင် ပြည်ထောင်စုနှင့် သက်ဆိုင်သည့်အပိုင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့် သက်ဆိုင်သည်တို့ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြပြီး ကိုယ်စားလှယ် အစုအဖွဲ့အသီးသီးက စိတ်တိုင်းကျအကြံပြုလျက် စာတမ်းများရရှိစေရေး ဆွေးနွေးပြုစုကြမည်ဖြစ်သည်။**

(ခေါင်းကြီး) စာမျက်နှာ (၂)

✻ ဒွေးလွင်(ဆားလင်းကြီး)၏
**"ယောဒေသ၏သာသနာ့အောင်မြေ"** (ဆောင်းပါး)

စာမျက်နှာ (၅)